# YANGON AERODROME COMPANY LIMITED (YACL)

## 3rd Anniversary of Operation and Management at YIA

Lotte Hotel 6 October 2018

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား YACL မှ လွှဲပြောင်းတာဝန်ယူကာ ဝန်ဆောင်မှုပေးခဲ့သည့် (၃) နှစ်ပြည့်အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ပြောကြားသည့် အဖွင့်အမှာစကား**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်

တက်ရောက်လာကြတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ Yangon Aerodrome Co., Ltd မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာညနေခင်းပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ Yangon Aerodrome Co., Ltd တည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်ညစာစားပွဲမှာ အခုလိုအမှာစကား ပြောကြားခွင့်ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ကမ္ဘာကြီး၏ စီးပွားရေးလုပ်ငန်းတွေကိုကြည့်ရင် ခရီးသွားလုပ်ငန်းဟာ အင်မတန်မှ အရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လာပြီး အရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်လျက်ရှိနေတာကို တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံဟာ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ဖို့ ယဉ်ကျေးမှု၊ သဘာဝ အရင်းအမြစ်နှင့် တိုင်းရင်းသားရိုးရာအမွေအနှစ်တွေ ပြည့်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို Tourism Stakeholders များအားလုံး ဝိုင်းဝန်းလုပ်ဆောင်ရမည့် လုပ်ငန်းလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကို နိုင်ငံတကာ ခရီးသွားဧည့်သည်များလာရောက်တဲ့အခါမှာ အဓိကအားဖြင့် လေကြောင်းနှင့် နိုင်ငံတကာလေဆိပ် ဝင်ပေါက်ဖြစ်တဲ့ ရန်ကုန်နဲ့မန္တလေးဝင်ပေါက်များကနေ ဝင်ရောက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အကြီးဆုံးနဲ့ အဓိကဝင်ပေါက် ဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ဝန်ဆောင်မှုများဆောင်ရွက်နေတဲ့ Yangon Aerodrome Co., Ltd ဟာ ယခု ၂၀၁၈ ခုနှစ်မှာဆိုရင် ကုမ္ပဏီတည်ထောင်ခဲ့တာ (၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ခရီးသည်စုစုပေါင်း ၅.၉၂ သန်း လာရောက်ခဲ့ရာမှာ မြန်မာနိုင်ငံသို့ ဝင်ရောက်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်ဟာ (၁.၁) သန်းရှိခဲ့ပြီး ဧည့်သည်တွေ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ လေဆိပ်ကြီးလည်း တစ်နှစ်လျှင် ခရီးသွားဧည့်သည်သန်း (၂၀) ဆိုက်ရောက်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရတဲ့အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမှာ တာဝန်ရှိတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အားရကျေနပ်မှုရှိပြီး အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

တစ်ကမ္ဘာလုံး ခရီးသွားလာမှု အရေအတွက်ကို ကြည့်ရင် ၂၀၁၇ ခုနှစ်မှာ အကြမ်းဖျင်း နိုင်ငံတကာ ခရီးသွားဧည့်သည် ၁.၃၂ ဘီလီယံ ရှိနေပြီး အများစုဟာ လေကြောင်းကို အသုံးပြုနေကြပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် လေကြောင်းလိုင်းများ ဖွံ့ဖြိုးရန် လိုအပ်ပါတယ်။ လေကြောင်းလိုင်းများ ဆိုက်ရောက်မှုတိုးတက်ဖို့ဆိုတာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနေဖို့လိုအပ်တဲ့အပြင် လေဆိပ်များရဲ့ဝန်ဆောင်မှုတွေ ကောင်းမွန်မှုဟာလည်း အထူးအရေးပါလှပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေနှင့် မြန်မာနိုင်ငံကို ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်ဖို့ ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဈေးကွက်မြှင့်တင်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ရေး၊ တိုင်းရင်းသားရိုးရာများ ဖော်ထုတ်မြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာရေးကို လွယ်ကူရေးကို အထောက်အကူပြုတဲ့အနေ နှင့် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံသားများနှင့် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သော မကာအို နှင့် ဟောင်ကောင်တို့မှ သာမာန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့် (Visa Exemption) နှင့် တရုတ်နိုင်ငံသား ခရီးသွားများအနက် လေကြောင်းဖြင့်လာရောက်သည့် ခရီးသွားဧည့်သည်များအား ဆိုက်ရောက်ဗီဇာ (Visa on Arrival) ခွင့်ပြုပေးခြင်းအား ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် စမ်းသပ်ကာလ ၁ နှစ် အဖြစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အမှတ်တံဆိပ်အသစ်ဖြစ်တဲ့ Myanmar : Be enchanted ကို ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၅ ရက်နေ့မှာ စတင်မြှင့်တင်ကြော်ငြာခဲ့ပါတယ်။

ခရီးသွားလုပ်ငန်းဟာ အလွန်ပဲ Sensitive ဖြစ်တဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ် အတွက် ကျန်ရှိတဲ့ ပွင့်လင်းရာသီ ၃ လမှာ ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှု ဦးဆောင်မှု နှင့်အတူ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်တဲ့ အသင်းအဖွဲ့များ အားလုံး ပိုင်းဝန်းပြီး ခရီးသွား ဧည့်သည်များ ပိုမိုလာရောက်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ခရီးသွားလုပ်ငန်းဟာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖို့ကိုလည်း ကူညီပေးရာရောက်ပါတယ်။ ခရီးသွားလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်သူအားလုံးအတွက် အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းတစ်ခုအဖြစ်သာမက သက်ဆိုင်ရာနိုင်ငံရဲ့ Image ကိုလည်း မြှင့်တင်ပေးရာရောက်ပါတယ်။

မြန်မာနိုင်ငံကို ရောက်ရှိတဲ့ခရီးသွားဧည့်သည်အရေအတွက်ကိုကြည့်ရင် ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ နိုင်ငံခြားခရီးသွားရောက်ရှိမှုဟာ ၂.၂၆ သန်းရှိပြီး ယမန်နှစ် အလားတူ ကာလမှာ ၂.၂၈သန်း ဖြစ်ပြီး ၁ ရာခိုင်နှုန်းလျော့နည်းနေပါတယ်။ သို့သော်လည်း ယခုလို ဗီဇာ လွယ်ကူစွာရရှိရေး၊ ဗီဇာကင်းလွတ်ရန် အစီအစဉ်တွေ ဆောင်ရွက်ပေးနေလို့ ၂၀၁၉ ခုနှစ်အတွက် ယခင်လျာထားတဲ့ ခရီးသည်ရောက်ရှိမှု ၄.၅ သိန်းကို ပြည့်မီလိမ့်မည်ဟု မျှော်လင့်ပါတယ်။ ယခု ပွင့်လင်းရာသီစတင်လာပြီဖြစ်၍ နိုင်ငံတကာလေကြောင်းလိုင်းများမှ ခရီးသည် ရောက်ရှိမှုမှာလည်း နေ့ စဉ်နှင့်အမျှ တိုးတက်နေပြီဖြစ်တာကို စတင်တွေ့နေရပြီးဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ နိုင်ငံအတွင်းမှာရှိတဲ့ အဓိကဆက်စပ်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ လေကြောင်းလိုင်းအပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားသော လုပ်ငန်းတွေဟာလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တဲအတွက်ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် လေကြောင်းလိုင်းများနဲ့ လေဆိပ်ဝန်ဆောင်မှု အခန်းကဏ္ဍဟာလည်း အရေးပါတဲ့အတွက်ကြောင့် Yangon Aerodrome Co., Ltd အနေနဲ့ စီမံခန့်ခွဲမှုနဲ့ ဝန်ဆောင်မှုကောင်းမွန်မှု

## YANGON AERODROME COMPANY LIMITED (YACL)

## 3rd Anniversary of Operation and Management at YIA

Lotte Hotel 6 October 2018

ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး ကျွန်တော်တို့ ဂန်ကြီးဌာနနဲ့အတူ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုများကို ယခုလိုပဲ ဆက်လက်ပြီးတက်ကြွစွာ ပိုင်းဂန်းပူးပေါင်းဆောင်ရွက်နိုင်ပါစေလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။